မဲဟင်းကျေးရွာအုပ်စု၊ နတ်အင်းကျေးရွာ
ထီးချိုင့်မြို့နယ်
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀-၂၀၂၁မှ ၂၀၂၅)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နတ်အင်းကျေးရွာ၊ ထီးချိုင့်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ထီးချိုင့်မြို့နယ်မှ ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ ဇူလိုင်

မာတိကာ

စဉ်	**အကြောင်းအရာ**	
	စကားချီး	၃
	နတ်အင်းကျေးရွာ သယံဇာတပြမြေပုံ၊ ထီးချိုင့်မြို့နယ်	၅
	နတ်အင်းကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်	၆
	နတ်အင်းကျေးရွာ ရွာတွင်း/ရွာပြင်ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်း(Venn Diagram)	၇
	ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ချက်ဇယား	၈
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၉
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၉
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၉
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၁၀
	(က) သီးနှံ စိုက်ပျိုးရေး	၁၀
	(ခ) မွေးမြူရေးလုပ်ငန်း	၁၀
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၁၀
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၁၁
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၁၁
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၁
	(ခ) ကျေးရွာ မီးလင်းရေး	၁၁
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၁
၆။	**ပညာရေး**	၁၂
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၂
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၃
၉။	**ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**	၁၃
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၄
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၆
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၇
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၀
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၆၁
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၃
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၀၂၅ ခုနှစ် အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး သောလူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေး သော သမဝါဘမနှင့်၊ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံ ဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက် ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများ နှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက် အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ် သောကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာ များမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီ အစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြ ဇယားစသည်တို့ကိုအဓိကထား ဖော်ပြထားပါသည်။


ဇူလိုင်လ၊ ၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နတ်အင်းကျေးရွာ
ထီးချိုင့်မြို့နယ်

မဲဟင်းကျေးရွာအုပ်စု၊ နတ်အင်းကျေးရွာသယံဇာတပြမြေပုံ၊ထီးချိုင့်မြို့နယ်



မဲဟင်းကျေးရွာအုပ်စု၊ နတ်အင်းကျေးရွာရာသီခွင်ပြ ပြက္ခဒိန်၊ထီးချိုင့်မြို့နယ်



မဲဟင်းကျေးရွာအုပ်စု၊ နတ်အင်းကျေးရွာ ရွာတွင်း/ရွာပြင်ဆက်သွယ်ဆောင်ရွက်နေသော အဖွဲ့အစည်းပုံစံ(Venn Diagram) ၊ထီးချိုင့်မြို့နယ်



မဲဟင်းကျေးရွာအုပ်စု၊ နတ်အင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ချက်ဇယား

စဉ်	အဆိုပြုစီမံချက်အမည်	ဦးစားပေးအဆင့်	၂၀-၂၁	၂၂-၂၃	၂၃-၂၄	၂၄-၂၅	၂၅-၂၆
၁	ဘီးနင်းကွန်ကရစ်လမ်းခင်းခြင်း	၁					
၂	စက်ရေတွင်းတူးဖော်ခြင်း	၂					
၃	လျှပ်စစ်မီး ၀.၄ လိုင်း သွယ်တန်းခြင်း	၃					
၄	ကျောင်းအဆောက်အဦဆောက်လုပ်ခြင်း	၄					
၅	ကျေးရွာတွင်းကျန်ရှိလမ်းများအားကွန်ကရစ်လမ်းခင်းခြင်း	၅					

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

နတ်အင်းကျွန်းသည် စစ်ကိုင်းတိုင်းဒေသကြီး၊ကသာခရိုင်၊ထီးချိုင့်မြို့နယ် မဲဟင်းကျွန်းအုပ်စုတွင်တည်ရှိပါသည်။ကျွန်း၏ အရှေ့ဘက်တွင် ကမ်းနီကျွန်း၊မြောက်ဘက်နှင့် အနောက်ဘက်တွင် ကံ့ကော်တောင်တန်းနှင့် တောင်ဘက်တွင် ကျောက်မှော်ကျွန်းတည် ရှိပါသည်။ကျွန်းတွင် ဗမာလူမျိုးများ နေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျွန်း၏ ရာသီဥတုမှာ အပူပိုင်းရာသီဥတုဖြစ်ပြီး အပူအအေးမျှတမှုရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၄၄၀)ဧကနှင့် ယာမြေ (၁၃)ဧကနှင့် ဥယျာဉ်ခြံမြေ (၁)ဧက စုစုပေါင်း (၄၅၄) ဧကရှိပါသည်။ကျွန်းတွင် စပါး၊ နှမ်းနှင့် မြေပဲတို့ကို စိုက်ပျိုးကြပါသည်။မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျွန်းတွင်အိမ်ထောင်စု (၂၇၄)စု ကျား (၆၁၆)ဦး၊မ (၆၁၂)ဦး စုစုပေါင်း (၁၂၂၈)ဦးရှိပါသည်။ကျွန်းအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့ (ကျား – ၂၇)ဦး၊ ဓမ္မစကြံ့ဘအဖွဲ့ (မ – ၂၀)ဦး၊မီးသတ်အဖွဲ့ (ကျား – ၂၀)ဦး၊ပရဟိတအဖွဲ့ (ကျား – ၄၀ + မ – ၉၀ စုစုပေါင်း ၁၃၀)ဦး၊ ဂေါပကအဖွဲ့ (ကျား – ၇)ဦး၊လူပျိုအပျိုအဖွဲ့ (ကျား –၅၀ + မ – ၇၀ စုစုပေါင်း ၁၂၀)ဦး၊မယ်ခင်အဖွဲ့ (မ – ၁၀)ဦး၊ ကပ္ပိယအဖွဲ့ (ကျား – ၂၀)ဦး၊လူလတ်အဖွဲ့ (ကျား – ၂၀၀)ဦး၊ပြည်သူ့စစ်အဖွဲ့ (ကျား – ၁၀)ဦး၊အမျိုးသမီးရေးရာအဖွဲ့ (မ – ၁၅)ဦး၊ဟင်းချက်အဖွဲ့ (ကျား – ၂၀ + မ – ၁၀ စုစုပေါင်း – ၃၀)ဦး၊ပဋ္ဌာန်းကော်မတီအဖွဲ့ (ကျား – ၁၃ + မ – ၈ စုစုပေါင်း ၂၀)ဦးရပ်မိရပ်ဖအဖွဲ့ (ကျား – ၁၀)ဦးတို့သည် ကျွန်း၏ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်နေကြပါသည်။ကျောင်းကော်မတီအဖွဲ့ (ကျား – ၁၀ဦး + မ – ၅ဦး စုစုပေါင်း – ၁၅)ဦးသည် ကျွန်းရွာစာသင်ကျောင်းရှိဆရာ/ဆရာမများနှင့်ပူးပေါင်း၍ ကျွန်း၏ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက် လုပ်ဆောင်လျက်ရှိပါသည်။ကျွန်းအတွင်းရှိ အဖွဲ့အစည်းများသည် ကျွန်းဖွံ့ဖြိုးရေးအတွက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

နတ်အင်းကျေးရွာသည် (၂.၅)ဧကအောက်ဆင်းရဲသားတောင်သူ (၉၃)အိမ်ထောင်စု၊ (၂.၅)ဧကနှင့် (၅)ဧကကြားတောင်သူငယ် (၇၀)အိမ်ထောင်စု၊ (၅)ဧကနှင့် (၁၂.၅)ဧကကြား (၂၄)အိမ်ထောင်စု ရှိပြီး(၁၂.၅)ဧကနှင့်အထက်ပိုင်ဆိုင်သူ ကျေးရွာတွင်မရှိပါ။ကျေးရွာတွင် အဓိကအားဖြင့် စပါး၊နှမ်းနှင့် မြေပဲများကိုစိုက်ပျိုးကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးမှာ အဝီစိတွင်းရေနှင့် မိုးရေကိုသာအဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။မြစ်ဘေးတစ်လျှောက်ရှိ စိုက်ခင်းအနည်းငယ်မှာ စိုက်ပျိုးရေအသင့်အတင့်ရရှိသောကြောင့် နွေရာသီတွင်စပါးအနည်းငယ်စိုက်ပျိုးကြပါသည်။စပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၄၀)တင်းထွက်ရှိပါသည်။နှမ်းအထွက်နှုန်းမှာတစ်ဧကပျမ်းမျှ (၅)တင်းထွက်ရှိပြီး မြေပဲအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၂၅)တင်းခန့်ထွက်ရှိပါသည်။ကျေးရွာတွင် ထွန်စက်ကြီး (၄)စီး၊လက်တွန်းထွန်စက် (၆)စီး၊ရိတ်သိမ်းစက် (၂)စီး၊ခြွေလှေ့စက် (၁)စီး၊ ရေစုပ်စက် (၁၂)လုံးနှင့် မြက်ရိတ်စက် (၃)ခုရှိပါသည်။ အဖွဲ့ပိုင်ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်မရှိပါ။ အချို့သောတောင်သူများသည် ကျေးရွာရှိစက်များကို ငှါးရမ်းလုပ်ကိုင်ကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

နတ်အင်းကျေးရွာတွင် နွားမွေးမြူထားသည့်အိမ်ထောင်စု (၁၅၂)အိမ်ရှိပြီး နွားကောင်ရေ (၄၀၈)ကောင်၊ကျွဲမွေးမြူထားသည့်အိမ်ထောင်စု (၄၂)အိမ်ရှိပြီးကျွဲကောင်ရေ (၁၃၂)ကောင်၊ဝက်မွေးမြူထားသည့် အိမ်ထောင်စု (၉၂)အိမ်ရှိပြီး ဝက်ကောင်ရေ (၁၅၆)ကောင်နှင့် ကြက်မွေးမြူထားသည့်အိမ်ထောင်စု (၉၆)အိမ်ရှိပြီး ကြက်ကောင်ရေ (၇၁၉)ကောင် စသည်ဖြင့်တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ငါးမွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် အိမ်ထောင်စု (၁)စုရှိပြီး ငါးကန်ဧက (၂)ဧကရှိပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့်ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများမရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှုအနည်းငယ်ရှိသည့်အတွက် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာရှိအိမ်ထောင်စုများသည် မွေးမြူရေးလုပ်ငန်း၊ လက်သမား/ပန်းရံလုပ်ငန်း၊ စျေးအရောင်းအဝယ်လုပ်ငန်းစသည့် ဝင်ငွေရလုပ်ငန်းများ **လုပ်ကိုင်ကြပြီး ကျပန်းလုပ်ကိုင်ကြသူများလည်းရှိပါသည်။ကျေးရွာတွင်** စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးမှု

လုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ် သောအတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု အားနည်းသော ကြောင့်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်သူများသည် စိုက်ပျိုးစရိတ်ချေးငွေများရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ (၁)ဧက (၁၅၀၀၀)သိန်းနှုန်းဖြင့် အများဆုံး (၁၀)ဧကအထိ ချေးယူနိုင်ကြပါသည်။မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများလွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းများနည်းပါးကြပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများရရှိရန်လိုလား ကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် **လှေ၊သမ္ဘာန်** (၁၄)**စီး၊စက်လှေ** (၂၆)**စီး၊**စက်ဘီး (၁၄)စီး၊မော်တော်ဆိုင်ကယ် (၁၉၆)စီး၊သုံးဘီးဆိုင်ကယ် (၁)**စီး၊ထော်လာကျီ** (၁)စီးနှင့် နွားလှည်း **(၇၆)**စီး စသည်ဖြင့်သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် မြေသားလမ်းတစ်မျိုးသာရှိပြီး မိုးရာသီတွင် ဗွက်များ၊ချိုင့်များဖြစ်ကာသွားလာရ အဆင်မပြေမှုများရှိနေပါသည်။လမ်း၏ပေအရှည်**စုစုပေါင်း**မှာ (၇၅၀၀)ပေအရှည်ရှိပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင်မဟာဓာတ်အားလိုင်း မရရှိသေးပါ။ဆိုလာမီးသုံးစွဲနေသော အိမ်ထောင်စု (၂၄၃)စုရှိပြီး ကျန် **(၃၁)**အိမ်မှာ ဖရောင်းတိုင်မီးကိုသာအသုံးပြုလျှက်ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

နတ်အင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၄၁၅) လုံး၊ရေဒီယို (၅)လုံး၊တီဗွီ (၃၉)လုံး၊ဂြိုလ်တုစလောင်း (၂၂)လုံးစသည်တို့မှရရှိပြီး ကျေးရွာအနီး

တွင်ဆက်သွယ်ရေးတာဝါတိုင်များရှိသည့်အတွက် ဆက်သွယ်ရေးနှင့်သတင်း အချက်အလက်များရရှိပါသည်။

၆။ ပညာရေး

နတ်အင်းကျေးရွာရှိ ကျောင်းသား/သူများသည် အ.လ.က အဆင့်ဖြင့် ပညာသင်ကြားလျက်ရှိပါသည်။အထက်တန်းကျောင်းသား/သူများမှာ ကမ်းနီကျေးရွာသို့ သွားရောက်ပညာသင်ကြားရပြီး အကွာအဝေးမှာ (၅)မိုင် ခန့်ရှိသည့်အတွက် စက်ဘီး၊ ဆိုင်ကယ်များနှင့် ကျောင်းတက်ကြရပါသည်။မိုးတွင်းမြစ်ရေတက်သည့်အချိန်တွင် စက်လှေများဖြင့် သွားကြရပြီးအချို့သောကျောင်းသား/သူများမှာ ဘော်ဒါဆောင်များတွင်နေထိုင်ပြီး ကျောင်းတက်ကြရပါသည်။ကျေးရွာရှိကျောင်းသည် အမိုး၊ နံရံ၊ အခင်းအရည်အသွေးနှင့် ကျောင်းအိမ်သာများမှာကောင်းမွန်ပြီး အထက်တန်းခွဲရရှိလျှင် ကျေးရွာရှိကျောင်းသား/သူများ သွာလာရေး အဆင်ပြေမည်ဖြစ်ပါသည်။

ကျေးရွာတွင် စာမတတ်သူ (၁၀.၃%)ရှိပါသည်။မူလတန်းအဆင့် စာတတ်မြောက်သူများမှာ လူဦးရေ၏ (၅၉)ရာခိုင်နှုန်းအထိများပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၁.၇)ရာခိုင်နှုန်း၊အထက်တန်းအဆင့် စာတတ်မြောက်သူ များမှာ (၁၅)ရာခိုင်နှုန်းနှင့် တကသိုလ်အဆင့် စာတတ်မြောက်သူများမှာ (၄)ရာခိုင်နှုန်း ရှိခြင်းတို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင်ကျန်းမာရေးဦးစီးဌာနမှ လိုအပ်သည့်ကာကွယ်ဆေးများအား ကျေးရွာအထိနှစ်စဉ်နှစ်တိုင်း လာရောက်ထိုးပေးလျက်ရှိပါသည်။ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိသော်လည်း ဆရာ/ဆရာမ မရှိသဖြင့် ကျေးရွာနှင့် (၂)မိုင်ခန့်ကွာဝေးသောမဲဟင်းကျေးရွာရှိ ဆေးပေးခန်းသို့သွားရောက်ကုသကြရပါသည်။တိုက်နယ်ဆေးရုံသည် ကမ်းနီကျေးရွာတွင်တည်ရှိပြီး နတ်အင်းကျေးရွာနှင့် (၅)မိုင်ခန့် ကွာဝေးပါသည်။ထီးချိုင့်မြို့နယ်ဆေးရုံကြီးနှင့် (၁၀)မိုင်ခန့် ကွာဝေးသော်လည်း အရေးပေါ်အခြေအနေတွင် ဆေးရုံကြီးသို့ပို့ဆောင်ပေးနိုင်သော်လည်း လမ်းပန်းဆက်သွယ်ရေး အနည်းငယ်ခက်ခဲပါသည်။

ကျေးရွာတွင် သောက်သုံးရေများကို ရေတွင်း၊အဝိစိတွင်းနှင့် မြစ်ရေကိုအဓိကထား အသုံးပြုကြပါသည်။ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကိုအသုံးပြုကြပြီး ရေဆွဲအိမ်သာအသုံးပြုသည့် အိမ်ထောင်စု (၁၂)စု၊ရေလောင်း/ယင်လုံသိမ်သာ အသုံးပြုသည့် အိမ်

ထောင်စု (၂၂၆)စုနှင့် တွင်းရှိအိမ်သာ အသုံးပြုသောအိမ်ထောင်စု (၅)စုရှိပါသည်။ကျန်မိသားစုများမှာ ဆွေမျိုးများနှင့်အတူအသုံးပြုကြခြင်းဖြစ်ပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

နတ်အင်းကျေးရွာတွင် လက်လုပ်လက်စားကျပန်းလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့်စားနပ်ရိက္ခာ မဖူလုံသည့်အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

နတ်အင်းကျေးရွာတွင် တွင်းထွက်သယံဇာတများမရှိပါ။သဘာဝဆေးဖက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရှိပါသည်။မိုးရာသီတွင် သွေးလွန်တုပ်ကွေးရောဂါ၊ဝမ်းပျက်ဝမ်းလျောရောဂါနှင့် ၄က်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ သွေးတိုးရောဂါဖြစ်ပွားသည့်လူနာ**အများအပြား**ရှိပါသည်။ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သောကြက်၊ ဝက်နှင့် နွားများမှာ ရောဂါများဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

နတ်အင်းကျေးရွာတွင် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်ဆောင်ရွက်ခြင်းမရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်သည့် လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ကျေးရွာတွင် အမျိုးသမီးများ အကြမ်းဖက်မှုမရှိသော်လည်း အကြမ်းဖက်မှုအတွက် ကာကွယ်ရမည့်တရားနည်းဥပဒေဆိုင်ရာ အသိပညာအနည်းငယ်ကြပါသည်။ကျေးရွာတွင် အမျိုးသမီးများအတွက် အိမ်တွင်းမှုသက်မွေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – မဲဟင်း			ကျေးရွာအမည် – နတ်အင်း	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	သက်ဆိုင်ရာ အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများစီစဉ်ဆောင်ရွက်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	သဘာဝဓါတ်မြေဩ အချိုးကျအသုံးပြုလုပ်ကိုင်ဆောင်ရွက်နိုင်ရန်သင်တန်းများဖွင့်လှစ်ပေးခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	စိုက်ပျိုးသီးနှံများ စီးပွားရေးအမြင်ဖြင့် ဈေးကွက် ညှိနှိုင်း ဆောင်ရွက်နိုင်ရန် သင်တန်းများဖွင့်လှစ်ခြင်း။	
၅	စိုက်ပျိုးရေး	ဈေးကွက်	ဒေသတွင်းထွက်ကုန်များကို ဈေးကွက်သို့တင်ပို့ခြင်း။	
၆	မွေးမြူရေးနှင့်ငါးလုပ်ငန်း_မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၇	မွေးမြူရေးနှင့်ငါးလုပ်ငန်း_မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးထုတ်ကုန် ဈေးကွက် ရှာဖွေချိတ်ဆက်ခြင်း။	
၈	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့် မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)	
၉	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	
၁၀	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	အထက်တန်းကျောင်းခွဲ ရရှိရန်လိုအပ်ခြင်း။	
၁၁	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းအားကစားဆိုင်ရာပစ္စည်းများလုံလောက်စွာဖြည့်တင်းခြင်း။	
၁၂	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းတွင်းပညာရေးသရုပ်ပြစာစောင်များ ဗဟုသုတစာစောင်များထားရှိခြင်း။	
၁၃	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းကာကွယ်ဆေးထိုး	သားဖွား၊အရံသားဖွားသင်တန်းများတက်ရောက်နိုင်ရန်သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်ခြင်း	

ကျေးရွာအုပ်စုအမည် – မဲဟင်း			ကျေးရွာအမည် – နတ်အင်း	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
		ခြင်း		
၁၄	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းကာကွယ်ဆေးထိုးခြင်း	ကျောင်းတွင်းကျောင်းပြင်ပ ကျန်းမာရေး အထောက်အကူပြုသင်တန်းများ၊ပစ္စည်းများ ရရှိအောင်ဆောင်ရွက်ခြင်း။	
၁၅	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းကာကွယ်ဆေးထိုးခြင်း	ကျန်းမာရေးဆေးပေးခန်းဆရာ/ဆရာမရရှိရန်လိုအပ်ခြင်း။	
၁၆	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာတွင်းမြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း။	ဆောင်ရွက်ပြီး
၁၇	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာတွင်းမြေသားလမ်း ၂၅၀၀ ပေ အား ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း။	
၁၈	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာတွင်းလမ်းကြားရှိ မြေသားလမ်း ၆၀၀၀ ပေ အား ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း။	
၁၉	လျှပ်စစ်	မိသားစုသုံးဆိုလာ	ကျေးလက်ဦးစီးဌာန၏ ဆိုလာဖြန့်ဖြူးမှု အစီအစဉ်နှင့် ချိတ်ဆက်တင်ပြခြင်း။	
၂၀	လျှပ်စစ်	မဟာဓာတ်အားလိုင်း	လျှပ်စစ်မီးရရှိရန်သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်ချိတ်ဆက်ခြင်း။	
၂၁	လူငယ်နှင့်အားကစား	အားကစား	အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်း များ ဖြည့်တင်းခြင်း။	
၂၂	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာအသိပညာပေးဟောပြောပွဲများပြုလုပ်နိုင်ခြင်း။	
၂၃	လူငယ်နှင့်အားကစား	အားကစား	အားကစားဆိုင်ရာအသိပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်း	
၂၄	သယံဇာတနှင့် သဘာဝပတ် ဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများ အား ချိတ်ဆက်ခြင်း။	
၂၅	ဆက်သွယ်ရေး	-	-	

နတ်အင်းကျေးရွာ၊ မဲဟင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမြင့်ဆွေဦး	ဦးတင်မြင့်	၅/ရကန(နိုင်) ၀၀၁၈၀	၄၉	ဥက္ကဋ္ဌ	၀၉-၄၄၂၀၅၉၀၂၆
၂	ဦးဝင်းပိုင်	ဦးစံပွင့်	၅/ထခန(နိုင်) ၀၁၈၃၆၀	၅၂	အတွင်းရေးမှူး	-
၃	ဒေါ်နီလာအောင်	ဦးဇော်ဝင်း	၅/ထခန(နိုင်) ၀၄၉၆၆၆	၃၉	စာရင်းကိုင်	-
၄	ဒေါ်တင်တင်ဦး	ဦးကြီးညို	၅/ထခန(နိုင်) ၀၄၉၇၃၀	၄၄	ဘဏ္ဍာရေးမှူး	-
၅	ဦးဇော်ကို	ဦးလှမြင့်	၅/ထခန(နိုင်) ၀၄၉၇၆၃	၄၉	အဖွဲ့ဝင်	-
၆	ဒေါ်မြင့်မြင့်သန်း	ဦးဝင်းမြင့်	၅/ထခန(နိုင်) ၀၆၉၀၂၄	၄၅	အဖွဲ့ဝင်	-
၇	ဦးဇော်ဇောအောင်	ဦးမောင်ထွန်း	၅/ထခန(နိုင်) ၀၅၉၈၃၀	၃၇	အဖွဲ့ဝင်	၀၉-၂၆၃၅၅၃၇၀၁
၈	ဒေါ်ချိုချိုနိုင်	ဦးသန်း	၅/ထခန(နိုင်) ၀၄၉၇၃၃	၄၃	အဖွဲ့ဝင်	-
၉	ဦးထွန်းလှိုင်	ဦးကြွက်နီ	၅/ထခန(နိုင်) ၀၃၉၄၇၁	၅၃	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁၆	၁၄	၃၀	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၄	၂၃	၃၇	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၃၇	၄၄	၈၁	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၇၄	၅၉	၁၈၃	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၅၄	၄၆၁	၉၁၅	-	-
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၁	၁၁	၃၂	-	-
စုစုပေါင်း		၆၁၆	၆၁၂	၁၂၈		
စုစုပေါင်း အိမ်ထောင်စု		၂၇၄				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက်(၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ် ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက် ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ် များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။နတ်အင်းကျေးရွာသည် အိမ်ထောင်စု (၂၇၄)စု၊လူဦးရေ (၁၂၂၈)ဦးရှိပါသည်။ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၃၀ဦး)၊(၅)နှစ်အောက်ကလေးငယ် (၃၇ဦး)၊မူလတန်းကျောင်း သားအရွယ် (၈၁ဦး)၊အလယ်တန်းကျောင်းသားအရွယ် (၁၈၃ဦး)၊အလုပ်လုပ်နိုင်သည့်အရွယ် (၉၁၅%)၊ သက်ကြီးရွယ်ကြီး (၃၂ဦး)ရှိပါသည်။ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၂၅.၅%)ရှိပါသည်။အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၄၅၄)ဦး၊မ (၄၆၁)ဦး စုစုပေါင်း(၉၁၅)ဦးရှိပြီး တစ်ရွာလုံးရှိလူ ဦးရေ၏ (၇၄.၅%)ရှိပါသည်။ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးခန့်ရှိပြီး ကျေးရွာအတွင်း အလုပ်လုပ်နိုင်သည့် လူဦး ရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှု ပေးနိုင်ပါသည်။ကျေးရွာတွင် မသန်စွမ်းသူ မရှိပါ။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁၅၅	၃၉၄	၁၄	၁၆	၁၃	-	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၉	၈၀	၅	၅	၆		မြင့် ☐ လတ်☐ နိမ့် ✓
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၃	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ✓
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၉	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ✓
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း	–	–	–	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၅	–	–	–	–	မြင့် ☐ လတ်✓ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၄	၉	–	–	–	–	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄	၁၁	–	–	–	–	မြင့် ☐ လတ်☐နိမ့် ✓
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	☒

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၅၁	၁၅၄	၆	၆	၉	-	
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၅	-	-	-	-	မြင့် ☐ လတ်✓ နိမ့် ☐
	စုစုပေါင်း	၂၄၉	၆၇၀	၂၅	၂၇	၂၈		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။နတ်အင်းကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သည့် အိမ်ထောင်စုများပြားပြီး တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် လက်သမား၊ပန်းရံလုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ကျေးရွာတွင်ဈေးရောင်းသူ၊လက်သမား/ပန်းရံလုပ်ငန်းလုပ်ကိုင်သူနှင့် ကျပန်းလုပ်ငန်း လုပ်ကိုင်ကြသူများလည်းရှိပါသည်။ကျေးရွာတွင် အသက်မွေးမှုနည်းပညာတတ်မြောက်သည့် မိသားစုဦးရေမှာ နည်းပါးပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်နှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်နှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၅၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လုပ်ငန်းများ ဆောင်ရွက်ရာ၌ လုပ်ငန်းအမျိုးအစားနှင့် လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်၍ ကွဲပြားခြားနားမှုရှိပါသည်။ကျေးရွာသူ/သားများ၏ ကျား/မ ဝင်ငွေခြားနားရခြင်းမှာ လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။အခြားသောလုပ်ငန်းများ ကျေးရွာတွင် လုပ်ကိုင်ခြင်းမရှိသောကြောင့် လုပ်အားခပမာဏကိုမသိရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၄၄၀	ကောင်း ☐	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၃	ကောင်း ☐	သင့်✓	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁	ကောင်း ☐	သင့်✓	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၈၇၀**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။နတ်အင်းကျေးရွာတွင် လယ်မြေဧကစုစုပေါင်း (၄၄၀)ဧက၊ယာမြေ (၁၃)ဧကနှင့် ဥယျာဉ်ခြံမြေ (၁)ဧကရှိပါသည်။လယ်မြေနှင့် ယာမြေများ၏ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်သည့်

လယ်ယာမြေများဖြစ်သော်လည်း ရာသီဥတုမမှန်ခြင်းတို့ကြောင့် သီးနှံထွက်နှုန်းနည်းပါးပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့် ✓ နည်း ☐ မရှိ ☐	လွယ် ✓ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ✓ မရှိ ☐	လွယ် ☐ ခက် ✓ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ✓ မရှိ ☐	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့် ✓ နည်း ☐ မရှိ ☐	လွယ် ✓ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ☐ သင့် ✓ နည်း ☐ မရှိ ☐	လွယ် ✓ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
သစ်တော – အပူပိုင်းသစ်တော	များ ✓ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ✓ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
သစ်တော – ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။နတ်အင်းကျေးရွာပိုင်နက်အတွင်း တွင်းထွက်သယံဇာတများမရှိပါ။ကျေးရွာအနီးတွင် ကျောက်၊ သဲများကို အလွယ်တကူရရှိနိုင်သော်လည်း အနည်းငယ်လျော့နည်းလာပါသည်။သဘာဝအပင် မျိုးစိတ်များဖြစ်သော နွားစာနှင့်ဆေးဘက်ဝင်အပင်များမှာ နွားစသောတိရစ္ဆာန်များအတွက် လွတ်ကျောင်းရန် အစားအစာ အနည်းငယ်ရရှိနိုင်ပါသည်။ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝတိရစ္ဆာန်မျိုးစိတ်များကို တွေ့မြင်နိုင်ပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၅	၁၉၁	၃၀	၃၇

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။နတ်အင်းကျေးရွာတွင် စီးပွားရေးအဆင်ပြေသောအိမ်ထောင်စု များးရှိပါသည်။မပြေလည်သောအိမ်ထောင်စုများသည် လယ်အင်္ဂါးလုပ်ငန်းလုပ်ကိုင်ခြင်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခြင်း၊ လက်သမား/ပန်းရံလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် စျေးအရောင်းအဝယ်ပြုလုပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ အလွန်မပြေလည်သောအိမ်ထောင်စုများသည် ကောက်စိုက်ခြင်း၊ပျိုးနုတ်ခြင်း ငါးဖမ်းခြင်း စသည့်ရာသီအလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့်အသက်မွေးဝမ်းကျောင်းပြုကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	၁၂	၅	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၅_____ လုပ်အားခကြိုယူ = _____၇_____
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု	၈	၃	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၃_____ လုပ်အားခကြိုယူ = _____၅_____
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု	-	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
			အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။နတ်အင်းကျေးရွာရှိဥစ္စာဓနအဆင့် "၃" "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူရာတွင် ကောက်ယူခဲ့သည့် အိမ်ထောင်စု စုစုပေါင်း၏ (၆၀)ရာခိုင်နှုန်းမှာ (၃)လ အောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး ၊ (၄၀)ရာခိုင်နှုန်းမှာ (၃-၅)လ အထိသာဝမ်းစာဖူလုံမှုရှိပြီး ကျန်ကာလများတွင် ချေးငှားခြင်းနှင့်လုပ်အားခ ကြိုတင်ယူခြင်းဖြင့်ဖြေရှင်းကြရပါသည်။ဆန်စျေးကြီးမှုကြောင့် အခြားအစားအစာများကို ပြောင်းလဲစားသုံးခြင်း၊ထမင်း တစ်နပ်လျော့စားခြင်း၊များမှာ တစ်ခါမှမဖြစ်ဖူးကြောင်းကို စားနပ်ရိက္ခာဖူလုံမှု ဆန်းစစ်ချက်ရလဒ်အရ သိရပါသည်။မြေယာမဲ့ ကျပန်းသမားများမှာ အခြားသောအချိန်များတွင် ချေးငှားခြင်း၊အတိုးဖြင့်ငွေချေးခြင်းနှင့် လုပ်အားခကြိုတင်ယူခြင်းတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	-	၂	၂
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၁၀		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၁၀		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	၁၅		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။နတ်အင်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (၆၄)နှစ်နှင့် အထက်လူဦးရေ မ(၂)ယောက်ရှိပြီး ရပ်ရွာမှဝိုင်းဝန်းစောင့်ရှောက်ကြပါသည်။မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်မရှိပါ။ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု (၁၀)စုရှိပြီး ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ် ခုလပ်အိမ်ထောင်စုအရေအတွက် (၁၀)စုရှိပါသည်။ အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်သည့် ဆင်းရဲသည့် အိမ်ထောင်စု (၁၅)စုရှိပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	-	-	✓	✓	-	-
၂	လျှပ်တပြတ်ရေကြီးခြင်း	-	-	✓	✓	-	-
၃	မုန်တိုင်းဒီရေ	-	-	-	-	-	-
၄	ဆူနာမီ	-	-	-	-	-	-
၅	တိုင်ဖုန်းမုန်တိုင်း	-	-	-	-	-	-
၆	လေဆင်နာမောင်း	-	-	-	-	-	-
၇	ငလျင်	-	-	-	-	-	-
၈	အပူလှိုင်း	-	-	-	-	-	-
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	-	-	-	-	-	-
၁၀	အအေးလှိုင်း	-	-	-	-	-	-
၁၁	မိုးသီးကြွေကျမှု	-	-	-	-	-	-
၁၂	မိုးခေါင်ခြင်း	✓	-	-	✓	-	-
၁၃	တောမီးလောင်ခြင်း	-	✓	-	✓	-	-
၁၄	မြစ်ကမ်းပါးပြိုခြင်း	-	-	✓	✓	-	-
၁၅	ကမ်းရိုးတန်းတိုက်စားမှု	-	-	-	-	-	-
၁၆	မြေပြိုခြင်း	✓	-	-	✓	-	-
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓	-	-	✓	-	-
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	-	-	-	-	-	-
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	-	-	-	-	-	-
၂၀	သစ်တောပြုန်းတီးခြင်း	-	-	-	-	-	-
၂၁	၄င်္ဂါးဖျားရောဂါ	-	-	-	-	-	-
၂၂	တီဘီရောဂါ	-	-	-	-	-	-

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	–	–	–	–	–	–
၂၄	ကပ်ရောဂါ	–	–	–	–	–	–
၂၅	ပြည်တွင်းပဋိပက္ခ	–	–	–	–	–	–
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	–	✓	–	✓	–	–
၂၇	လူကုန်ကူးခြင်း	–	–	–	–	–	–
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	–	✓	–	–	–	–

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကကျေးရွာ၏ မည်သို့သောအိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။

အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့်

အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်

အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။နတ်အင်းကျေးရွာတွင် ရာသီဥတုမမှန်ခြင်းကြောင့် စိုက်ခင်းများပျက်စီးမှုအနည်းငယ်ရှိပါသည်။ကျေးရွာသည် မြစ်ကမ်းပါးဘေးတွင် တည်ရှိသောကြောင့် မြစ်ရေကြီးမှုဖြစ်ပေါ်ပါက ကျေးရွာရှိအိမ်ခြေများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများရှိပါသည်။ကျန်းမာရေးနှင့်ပတ်သက်၍ မိုးရာသီတုပ်ကွေးဖျားနာခြင်းများရှိပါသည်။ရာသီအကူးအပြောင်းတွင် ကြက်ဝမ်းနှင့် နွားရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ကျေးရွာတွင် လူကုန်ကူးခြင်းမရှိပါ။လမ်းပမ်းဆက်သွယ်ရေး အနည်းငယ်ခက်ခဲပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓	–	–	✓	–	–
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	–	✓	–	✓	–	–

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၃	ဆင်းရဲသားတောင်သူ	-	✓	-	✓	-	-
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓	-	-	✓	-	-
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	-	-	✓	✓	-	-
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	-	-	-	-	-	-
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	-	-	-	-	-	-
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	-	-	-	-	-	-
၉	ငါးကန်ပိုင်ရှင်များ	✓	-	-	✓	-	-
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	-	✓	-	✓	-	-
၁၁	လူနည်းစုလူမျိုးများ	-	-	-	-	-	-
